# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။

(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေကို ဖြည့်စွက်သည့်ဥပဒေ။

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်။ ။(၁) ဤဥပဒေကို ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေကို ဖြည့်စွက်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ။၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေ၏ ပုဒ်မ ၃ နောက်တွင် အောက်ပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၊ ၅ နှင့် ၆ အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၄။ ။မော်တော်ဓါတ်ဆီပေါ်တွင်နိုင်ငံတွင်း အကောက်ခွန်။ ။မော်တော်ဓါတ်ဆီ (နိုင်ငံတွင်းအကောက်ခွန်) အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင်ဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေတရပ်ရပ်တွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ၊ မော်တော်ဓါတ်ဆီပေါ်တွင်အကောက်ခွန်ကိုအင်ပီးရီးရယ် တဂါလံလျှင် ငွေတကျပ်နှင့် လေးဆယ်ပြား ဖြင့် စည်းကြပ်ကောက်ခံရမည်။

၅။ ။ရေနံမှထုတ်လုပ်သောကုန်ပစ္စည်းများပေါ်တွင်နိုင်ငံတွင်းအကောက်ခွန်ကောက်ခံခြင်း။ ။(၁) ရေနံမှထုတ်လုပ်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများပေါ်တွင် အောက်ဖော်ပြပါ အတိုင်း နိုင်ငံတွင်း အကောက်ခွန်များစည်းကြပ် ကောက်ခံရမည်။

| အမှတ်စဉ် | နိုင်ငံတွင်း အကောက်ခွန် ကောက်ခံ မည့် ကုန်ပစ္စည်းများ | အရေအတွက်အလိုက် | အခွန်နှုန်း |
|---|---|---|---|
| ၁ | ဒီဇယ်ဆီပျစ် ... | အင်ပီးရီးရယ် တဂါလံလျှင် | ၂၅ ပြား |
| ၂ | ဒီဇယ်ဆီကြဲ ... | အင်ပီးရီးရယ် တဂါလံလျှင် | ၂၅ ပြား |
| ၃ | မီးသိုးဆီ ... | အင်ပီးရီးရယ် တဂါလံလျှင် | ၀၅ ပြား |
| ၄ | ရေနံချေး ... | အင်ပီးရီးရယ် တဂါလံလျှင် | ၁၀ ပြား |
| ၅ | ဖယောင်း ... | တတန် (၂,၂၄၀ ပေါင်) လျှင် | ၂၀၀ ကျပ် |

(၂) မော်တော် ဓါတ်ဆီ (နိုင်ငံတွင်း အရောင်းအဝယ် ကောက်ခွန်) အက်ဥပဒေနှင့် ၁၉၁၇ ခုနှစ်၊ မော်တော်ဓါတ်ဆီ (နိုင်ငံတွင်းအရောင်းအဝယ် ကောက်ခွန်) အမိန့်ပါ ပြဋ္ဌာန်းချက်များသည်၊ ၎င်းတို့တွင် 'မော်တော်ဓါတ်ဆီ' ဆိုသည့် စကားရပ်ကို 'မော်တော်ဓါတ်ဆီ၊ ဒီဇယ်ဆီပျစ်၊ ဒီဇယ်ဆီကျဲ၊ မီးထိုးဆီ၊ ရေနံချေး၊ ဖယောင်း' ဆိုသည့်စကားရပ်များဖြင့်အစားထိုးထားဘိသကဲ့သို့၊ ပုဒ်မခွဲ (၁) အရ၊ စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်စေရမည်။

၆။ ။<u>ပြည်တွင်းထုတ် ကုန်ပစ္စည်းများပေါ်တွင် ယာယီ အခွန်စည်းကြပ်ကောက်ခံခြင်း။</u> ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံတွင်းရှိ လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်း များပေါ်တွင် ထုတ်လုပ်သည့် လုပ်ငန်းမှ ရောင်းချသည့် ဈေးနှုန်း၏ ခြောက်ဒသမငါး ရာခိုင်နှုန်းအထိ ယာယီအခွန်ကို အစိုးရက စည်းကြပ်ကောက်ခံနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ စည်းကြပ်ကောက်ခံသည့် ယာယီအခွန်များနှင့် စည်းကြပ်ကောက်ခံရန် နည်းလမ်းများကိုအစိုးရကအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ထုတ်ပြန်သော အမိန့်ကြော်ငြာစာသည်၊ တရားဥပဒေတရပ်ကဲ့သို့ အကျိုးသက်ရောက်စေရမည်။''

မိုလ် နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

**အမိန့်အရ၊**

**မိုလ်မှူးကြီး ကိုကို၊**
**အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။**